# " နိုင်ငံခြားသားများတရုတ်ကွန်မြူနစ်ပါတီ (၁၉)ကြိမ်မြောက် ပြည်လုံးဆိုင်ရာညီလာခံအပေါ် အမြင်"

## တရုတ်နိုင်ငံမှအတွေ့အကြုံများ လေ့လာသင်ယူရန်

"ပြိုင်ပွဲကာလအတွင်း တရုတ်ကွန်မြူနစ်ပါတီ (၁၉)ကြိမ်မြောက် ပြည်လုံးဆိုင်ရာညီလာခံသက်ဆိုင်ရာ သတင်းကို ကျွန်တော်ကြည့်ခဲ့သည်။ ညီလာခံမှဂေဟစနစ်ဖြင့် ဆောက်လုပ်ရေးများပြုလုပ်ခြင်းနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချခြင်းစနစ်များကို ကျွန်တော်အထူးစိတ်ဝင်စားသည်။ " ဟု ကူမင်းမြို့တွင် ကျင်းပသော (၁၃)ကြိမ်မြောက်ကမ္ဘာ့ဖလားနဂါးလှေလှော် ပြိုင်ပွဲတွင်ပါဝင်ယှဉ်ပြိုင်သော အမေရိကန်အားကစားသမား ဂျော့စက်ဂစ်ဘုံးစစ်က ပြောကြားခဲ့သည်။

ကျွန်တော်တို့မှာ ကမ္ဘာတစ်လုံးတည်းသာရှိသည်။ လူသားတို့သည် နေ့စဉ်အမှိုက်များစွန့်ပစ်ကြသည်။ ဂေဟစနစ်ထိန်းသိမ်းရေးသည် လူတိုင်းနှင့်သက်ဆိုင်နေပါသည်။ တရုတ်ကွန်မြူနစ်ပါတီ(၁၉)ကြိမ်မြောက် ပြည်လုံးဆိုင်ရာညီလာခံအစီရင်ခံစာတွင် တရုတ်အစိုးရကအနာဂတ်တွင် ဂေဟစနစ်နှင့်ကိုက်ညီသော ဆောက်လုပ်ရေးလုပ်ငန်းများကို သေသေချာချာ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ လူနှင့်သဘာဝအတူရှင်သန်နေထိုင်ရန် လုပ်ဆောင်မည်ဖြစ်ကြောင်း စသည့်အချက်ကို ဂျော့စက်ဂစ်ဘုံးစစ်က အလွန်ထောက်ခံပါသည်။

"ဆင်းရဲနွမ်းပါးမှုထိန်းချုပ်ရေးတွင် ပြည်သူပြည်သားအများအပြားသည် အကျိုးခံစားခွင့်များရရှိခဲ့ပြီး တရုတ်နိုင်ငံသားများသည် ယခင်ကထက် အကျိုးခံစားခွင့်များပိုမိုများပြားခဲ့သည်ကို သတင်းဆောင်းပါးများမှတစ်ဆင့် ကျွန်တော်သိခဲ့သည်။ တဖန် တရုတ်အစိုးရသည် ၂၀၂၀ခုနှစ်တွင် သာမန်ချမ်းသာသော လူနေထိုင်မှုဘဝကို ဖန်တီးပေးရန်ကတိပေးခဲ့သည်။ ထိုအချက်ကို တရုတ်နိုင်ငံမှ အမေရိကန်နိုင်ငံက အတုယူရန်လိုအပ်သည်။"ဟု ဂျော့စက်ဂစ်ဘုံးစစ်က ပွင့်ပွင့်လင်းလင်း ပြောကြားခဲ့သည်။

"သန့်ရှင်း၊ လှပ၊ အပင်နှင့် သတ္တဝါ--"ဟု ကနေဒါနိုင်ငံအသင်းကိုယ်စားလီဆာဘက်စ်က ကူမင်းမြို့၏ အထင်အမြင်ကိုပြောဆိုချိန်တွင် ချီးမွမ်းပြောဆိုခဲ့သည်။ အထူးသဖြင့် ပြိုင်ပွဲကျင်းပရာနေရာတျန်းချီရေကန်သည် ရေအလွန်ကြည်လင်သန့်ရှင်းပြီး အဝေးမှစီစန်းတောင်နှင့်ကန်မျက်နှာချင်းဆိုင်ကာ လွတ်လပ်စွာပျံသန်းနေသော စင်ရော်ငှက်များကို စိတ်ကြည်နူးဖွယ်မြင်တွေ့နေရသည်။ ယခုအကြိမ် သွားရောက်ယှဉ်ပြိုင်သောပြိုင်ပွဲသည် လီဆာအတွက် မမေ့နိုင်သော အမှတ်တရတစ်ခုဖြစ်သည်ဟု လီဆာက ပြောခဲ့သည်။

"နေရာတကာ မျှဝေစီးနင်းသော စက်ဘီးများကို တွေ့မြင်နိုင်သည်။ ၎င်းသည် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည်ဖြစ်ပြီး တရုတ်နိုင်ငံ၏ အစိမ်းရောင်ထိန်းသိမ်းရေးနည်းလမ်းသည် အတုယူထိုက်ပါပေသည်။"ဟု လီဆာကသတင်းထောက်ကို ပြောပြခဲ့သည်။ ယခုအကြိမ်ပြိုင်ပွဲကာလအတွင်းတွင် တရုတ်ကွန်မြူနစ်ပါတီ(၁၉)ကြိမ်မြောက် ပြည်လုံးဆိုင်ရာညီလာခံကျင်းပခဲ့ရာ တရုတ်ကွန်မြူနစ်ပါတီနှင့် တရုတ်နိုင်ငံသားများ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ကြိုးစားအားထုတ်ခြင်းများပြုလုပ်ခြင်းနှင့် ထိုကဲ့သို့ပြုလုပ်ခြင်းကြောင့် သိသာထင်ရှားသောရလဒ်များ ရရှိခဲ့သည်ကိုလည်း သူမကတွေ့မြင်ခဲ့သည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် တစ်ကမ္ဘာလုံး ကြုံတွေ့နေရသောပြဿနာဖြစ်ပြီး ယခုနှစ်ပိုင်းတွင် တရုတ်နိုင်ငံသည်ကမ္ဘာအနှံ့တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ကြိုးစားအားထုတ်မှုများ ပြုလုပ်ခဲ့သည်မှာလည်း အားလုံးမြင်တွေ့ပြီးသားဖြစ်သည်ဟု လီဆာကထင်မှတ်ကြောင်းပြောကြားသွားသည်။

သတင်းထောက် လျိုရန့်ချင်၊ ရှူးဝမ်

# "Chinese Bridge" ပြိုင်ပွဲဝင်များ တရုတ်ကွန်မြူနစ်ပါတီ (၁၉)ကြိမ်မြောက် ပြည်လုံးဆိုင်ရာညီလာခံအား စိတ်ဝင်စားနေ

"ယွင်ချောင်ကွန်ယက်" သည် မထင်မှတ်ဘဲ ကျွန်မအတွက်တရုတ်နိုင်ငံအကြောင်းများ သိရှိနားလည်ရန် ပြတင်းပေါက်တစ်ခုဖွင့်ပေးလိုက်သည်။ အထူးသဖြင့် ယခုရက်ပိုင်းတွင်ဖွင့်လှစ်ကျင်းပနေသော တရုတ်ကွန်မြူနစ်ပါတီ(၁၉)ကြိမ်မြောက် ပြည်လုံးဆိုင်ရာညီလာခံသတင်းများတင်ဆက်ရာတွင် ယွင်ချောင်ကွန်ယက်၏ အင်္ဂလိပ်သတင်းအစီအစဉ်သည် လျင်မြန်စွာသတင်းထုတ်လွှင့်တင်ဆက်ခဲ့သည်။"ဟု အောက်တိုဘာလ(၂၁)ရက်နေ့ ယူနန်နော်မန်တက္ကသိုလ်တွင် ကျင်းပသော "Chinese Bridge" တစ်ကမ္ဘာလုံးဆိုင်ရာ တရုတ်ဘာသာစကားလေ့လာသော အလယ်တန်းကျောင်းသားများ တရုတ်စကားပြောပြိုင်ပွဲမှ ကမ္ဘောဒီးယားပြိုင်ပွဲဝင် သိန်ချိုင်လင်က ပြောကြားခဲ့သည်။

ယခုနှစ်တွင် ယူနန်နေ့စဉ်သတင်းစာအဖွဲ့နှင့် အမေရိကန်၊ မြန်မာ၊ လာအို၊ ထိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်စသော နိုင်ငံ(၈)နိုင်ငံမှ မီဒီယာစီးပွားဖက်များသည် "တရုတ်-ယူနန်"အထူးသတင်းစာ(၁၃)မျိုး၊ ဘာသာစကားအမျိုးမျိုးရှိသော နိုင်ငံတကာသတင်းများကြေညာသောကွန်ယက်၊ ယွင်ချောင်ကွန်ယက်၊ ပြည်ပဆက်သွယ်ရေးမီဒီယာနှင့် မြန်မာဘာသာစကားဖြင့် ရေးသားထုတ်ဝေသော "မင်္ဂလာ"မဂ္ဂဇင်း၊ လာအိုဘာသာစကားဖြင့်ရေးသားထုတ်ဝေသော " ကျမ်းပါး "မဂ္ဂဇင်း၊ ထိုင်းဘာသာစကားဖြင့် ရေးသားထုထ်ဝေသော "မဲခေါင်မြစ်" မဂ္ဂဇင်း၊ ကမ္ဘောဒီးယာဘာသာစကားဖြင့် ရေးသားထုတ်ဝေသော "ခမာ" မဂ္ဂဇင်းစသော မဂ္ဂဇင်းများတွင် တရုတ်ကွန်မြူနစ်ပါတီ(၁၉)ကြိမ်မြောက် ပြည်လုံးဆိုင်ရာညီလာခံသတင်းများကို စိတ်ဝင်စားဖွယ်ရေးသားထားသည်။

ယခင်ရက်ပိုင်းတွင် ကူမင်းမြို့၌ကျင်းပသော " Chinese Bridge "တစ်ကမ္ဘာလုံးမှ တရုတ်ဘာသာစကားလေ့လာသော အလယ်တန်းကျောင်းသားများ တရုတ်စကားပြောပြိုင်ပွဲအတွက် ယူနန်သတင်းစာအုပ်စု နိုင်ငံတကာဆက်သွယ်ရေးစင်တာမှ " တရုတ်စကားလုံးအသစ်များလေ့လာခြင်း"ဟူသည့် အကြောင်းအရာနှင့် ယူနန်နေ့စဉ်သတင်းစာအဖွဲ့အုပ်စု ပြည်ပမီဒီယာအသစ်များ၏လိပ်စာ၊ ယွင်ချောင်ကွန်ယက်၏ QRcodeများပါသောစတစ်ကာကဒ်များကို ပြိုင်ပွဲကာလအတွင်းမျှဝေခဲ့သည်။ ပြိုင်ပွဲဝင်များသည် အားလပ်ချိန်တွင် ယွင်ချောင်ကွန်ယက်မှတဆင့် တရုတ်ကွန်မြူနစ်ပါတီ(၁၉)ကြိမ်မြောက် ပြည်လုံးဆိုင်ရာညီလာခံ၏သတင်းများနှင့် ယူနန်ပြည်နယ်၏စီးပွားရေးများ၊ ခရီးသွားသတင်း အချက်အလက်များကို သိရှိကြရပြီး ထိုမှတဆင့်တရုတ်နိုင်ငံတဖန်ယူနန်ပြည်နယ်ကို သိကျွမ်းနားလည်ခဲ့သည်။ နိုင်ငံခြားသားပြိုင်ပွဲဝင်တော်တော်များများက "ကျွန်တော်တို့သည် 'ရှိကျိုတာ့(တရုတ်ကွန်မြူနစ်ပါတီ (၁၉)ကြိမ်မြောက် ပြည်လုံးဆိုင်ရာညီလာခံ)'ဟူသည့် တရုတ်စကားလုံးအသစ်ကို လေ့လာသိရှိခဲ့ရပြီ။"ဟု ဝမ်းသာအားရစွာ ပြောကြသည်။

သတင်းထောက် ကျန်ရော့ဂူ





ရေပတ်ဝန်းကျင်ပြောင်းလဲပြုပြင်ရေးတာကွမ်မြစ်တွင် Egretငှက်များ ပျော်ရွှင်စွာရေကစားနေကြ၊ တျန်းချီရေကန် ထိန်းသိမ်းရေးများ သေသေချာချာ ဆောင်ရွက်လာသည်နှင့်အမျှ တျန်းချီကန်ရေများပိုမိုသန့်ရှင်းလာနေပြီး Egretငှက်များ ရေကန်တွင်အစာလာရှာစားကြပါတော့သည်။ ယခုနှစ်ပိုင်းတွင် တာကွမ်မြစ်ချိုးယွမ်ဥယျာဉ်အနီးတစ်ဝိုက်တွင် Egret ငှက်(၄၀)ကောင်ခန့် နေထိုင်ကျက် စားနေကြသည်။ ကူမင်းမြို့ငှက်စောင့်ရှောင့်ရေးအသင်းမှ ကျွမ်းကျင်သူများ၏ တွက်ချက်မှုအရ ယခုနှစ်ပိုင်းတွင် ကူမင်းမြို့မြစ်၊ ချောင်းများအနီးတစ်ဝိုက်တွင် နေထိုင်ကျက်စားနေသော Egretငှက်အရေအတွက်မှာ ရာကျော်ရှိနေပြီဖြစ်ကြောင်း သိရှိရသည်။